ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၆၃)

နေ့စွဲ – ၂၃. ၁. ၂၀၁၁

## ကောင်းကင်နိုင်ငံတော် ကြီးထွားလာပုံ(ဒုတိယပိုင်း)
## The Growth of the Kingdom (Part 2)

ဘုရားသခင်၏နိုင်ငံတော်ကြီးထွားပုံသည် ၎င်း၏အစပျိုးပုံနှင့်အတူတူပင်ဖြစ်ကြောင်းကို သခင်ဘုရားက ညွှန်ပြနေ၏။ ဤအကြောင်းသရုပ်ဖေါ်ပြခြင်းကို တဆေးပုံဥပမာတွင်တွေ့ရသည်။ တဆေးဟူသည် ချဉ်စုပ်နေသော အဖတ်ကလေးဖြစ်ပြီး ဂျုံမှုန့်အများအပြားကိုမုန့်လုပ်ဖို့နယ်သည့်အခါတွင် ပွရှလာဖို့ရောထည့်ပေးရသည်။ ချဉ်စုပ်နေသောတဆေးသည် မုန့်စိမ်းတပုံလုံးသို့ပျံ့နှံ့သွားပြီး သူ့အချိန်ရောက်လာသောအခါ မုန့်စိမ်းတပုံလုံးဖေါင်းပွလာစေပါသည်။ ဤသို့ဂျုံမှုန့်အထဲတွင်တဆေးပျံ့နှံ့လုပ်ဆောင်နေခြင်းကို တဆေးထည့်လိုက်သူအမျိုးသမီးက မတွေ့ရှိနိုင်တာမှန်ပါသည်။ ထိုသို့ဖြစ်သောကြောင့် သူမအနေနှင့် ပေါင်မုန့်ဖုတ်နိုင်ရန်ဂျုံနယ်သောအလုပ် အထမမြောက်နိုင်ဘဲ ဆုံးရှုံးသွားရပြီဟု နိဂုံးချုပ်ကောက်ချက်ချနိုင်ပါသည်။ သို့သော် ဤကဲ့သို့မဟုတ်ပါ၊ သူမသည်တဆေးအလုပ်လုပ်နေခြင်းကိုမမြင်ရသော်လဲ သူ့အချိန်ကျလာသောအခါတွင် တဆေးသည်မုန့်စိမ်းတပုံလုံးအထဲသို့ နှံ့ပြားသွားပြီးဖြစ်လိမ့်မည် ဟု အပြည့်အဝယုံကြည်စိတ်ချနေပါသည်။ သူမ မျှော်လင့်ထားသည့်အတိုင်းဖြစ်လာရလိမ့်မည်ဟု စိတ်ချလက်ချနှင့် အကျိုးရလဒ်ကို စိတ်ရှည်စွာစောင့်ဆိုင်းလျက်ရှိပါ၏။

တဆေးဟူသည်မှာ မုန့်ညင်းစေ့ကဲ့သို့ပင် ကောင်းကင်နိုင်ငံတော်၏ မမြင်နိုင်သောတန်ခိုးတော်ကို ကိုယ်စားပြုထားခြင်းဖြစ်ပါသည်။ ဤတန်ခိုးတော်သည်ကောင်းကင်နိုင်ငံ၏ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း ဟောပြောလိုက်သည့်အခါတွင် ရွေးကောက်ခြင်းခံရသူတို့၏နှလုံးသားထဲ၌အသက်ရှင်သွားစေသည့် သန့်ရှင်းသောဝိညာဉ်တော် ၏ အချုပ်အချာအာဏာပိုင်စွာ အမှုတော်ဆောင်ခြင်းပင်ဖြစ်သည်။

တဆေးပုံဥပမာတွင် အဓိကအာရုံစိုက်၍ပြောပြလိုသည်မှာ ကောင်းကင်နိုင်ငံတော်၏ဝိညာဉ်ရေးရာတန်ခိုးတော်၏အလုပ်လုပ်ပုံသည် အစပျိုးမှာသေးငယ်ရုံမျှသာမကဘဲ၊ အလုပ်ပြီးမြောက်သွားခြင်းကိုလဲ မမြင်တွေ့နိုင်ပါ–ဟူ၍ဖြစ်၏။ ထိုအချက်ကြောင့်ပင်လျှင် ဂျုံမှုန့်(၃)တင်းဆိုသည်မှာ ခရစ်တော်၏ထာဝရအသင်းတော်တခုလုံးနှင့် ထိုအထဲမှာပါဝင်နေသော အသင်းသူ၊အသင်းသားတယောက်ခြင်းစီကို ရည်ရွယ်ပြောပြနေခြင်းဖြစ်ကြောင်းထင်ရှား၏။

ထိုသို့ဖြစ်သောကြောင့် ဤပုံဥပမာ၏အဓိပ္ပါယ်မှာ ရှင်းလင်းပါသည်။ ဤကမ္ဘာကြီးက ဘုရားသခင်၏နိုင်ငံတော်တည်ထောင်ဖို့ရန် ကြီးမားသောစွမ်းအား၊ ကြီးကျယ်ခန်းနားသောအစပျိုးခြင်းများဖြင့် ကြိုးစားတတ်ကြသည်။ လူတို့၏ကြိုးစားအားထုတ်မှုမှန်သမျှသည် အပြင်ပန်းသာဖြစ်ပြီးမြင်လွယ်တွေ့လွယ်ရှိသည်။ နိုင်ငံတော်ကိုတည်ထောင်နိုင်ဖို့ရန် –ဤကမ္ဘာကိုသန့်ရှင်းအောင်လုပ်၊ ဥပဒေမဲ့များကိုထိန်းချုပ်ဖို့ ဥပဒေများပြဋ္ဌာန်း၊ ရောဂါဝေဒနာများကို အစွမ်းထက်ဆေးဝါးများဖြင့်အနိုင်ယူ၊ လူ့အဖွဲ့အစည်းကို တရားဥပဒေစိုးမိုးခြင်း၊ မေတ္တာပြခြင်းစသည့် လူမှုရေးလုပ်ငန်းများဖြင့်ပြန်လည်နှုပျိုစေ၊ ငြိမ်းချမ်းရေးခိုင်မာစေဖို့ လက်နက်အင်အားဖြင့်တည်ဆောက်၊ –စသည်တို့ကို လုပ်ဆောင်တတ်ကြသည်။

နိုင်ငံတော်တည်ထောင်နေခြင်းကို စိတ်မရှည်နိုင်ကြဘဲ (ဤနေရာတွင်ဘုရားသခင်၏နိုင်ငံတော်ကို တကယ်တမ်းဂရုစိုက်ကြသည်မဟုတ်ဘဲ) လူတို့၏အစွမ်းသတ္တိနှင့်ထိုးထွင်းသိမြင်နိုင်စွမ်းတို့ကို အားကိုးလိုက်ကြသည်။ လူသားတို့၏အနာဂတ်သည် သိပ္ပံပညာရှင်တို့၏စမ်းသပ်ဖန်ပြွန်ထဲတွင်၊ ရူပဗေဒပညာရှင်၏စမ်းသပ်ခန်းထဲတွင်၊ အဏုမြူမှုန်ကလေးထဲတွင် ပုန်းကွယ်နေသောစွမ်းအားထဲတွင် –တည်မှီနေစေကြသည်။ သို့သော်ဤပြင်ပသဘော၊ မြင်တွေ့နိုင်သောကြိုးစားမှုအားလုံးသည် ရှုံးနိမ့်ဖို့ရန်ကြမ္မာငင်နေပါသည်။ လူသားတို့၏အကောင်းဆုံးကြိုးစားမှုများကို လူ့သမိုင်းကပင် လှောင်ပြောင်သရော်နေပါသည်။ ခြောက်ကပ်ကပ်ရယ်သံကြီးသည် –အချိန်၏စကြ်ာန်လမ်းများပေါ်တွင် ပဲ့တင်ထပ်နေသည်၊ စစ်တလင်းပြင်များပေါ်မှာလေးလံစွာတွဲခိုနေသည်၊ သချိုင်းမြေ၏တိတ်ဆိတ်ခြင်းကို တစစီခွဲခြေလျက်ရှိသည်၊ လူပြည့်နေသောအကျဉ်းထောင်များနှင့် ရှုန်းရင်းဆံခတ်မှုကြောင့်စုတ်ပြတ်နေသောလမ်းမများပေါ်တွင် တုန်ခါလျက် –ရယ်မောလှောင်ပြောင်နေပါသည်။

သမ္မာကျမ်းစာက ဥပဒေသည်ဖြောင့်မတ်ခြင်းကိုမရရှိစေနိုင်ကြောင်း၊ လူတယောက်၏နှလုံးသားထဲတွင် မမြင်နိုင်အောင်ရေးသားထားသော ဘုရားသခင်၏ပညတ်တော်ကသာ ဖြောင့်မတ်ခြင်းသို့ပို့ဆောင်နိုင်ကြောင်း၊ ပြောပြနေပါသည်။ ရောဂါတခုကိုတိုက်ဖျက်ပစ်လိုက်နိုင်လျှင်လဲ နောက်ရောဂါတခုဝင်ရောက်လာနိုင်ဖို့ နေရာဖယ်ပေး

လိုက်ခြင်းသာဖြစ်သည်။ ကမ္ဘာကြီးမှာရှိသောသချိုင်းမြေများက အစ္စရေးတို့၏ရှေးဟောင်းဆာလံသီချင်းကို သဘောတူကြောင်းတိတ်ဆိတ်စွာပြောပြနေသည်––(လူ့အသက်သည်အနှစ်(၇၀) အစွမ်းကုန်ရှိလှမှ အနှစ်(၈၀)သာရှိပါသည် တကား)––။ သမားတော်ကြီးဘုရားသခင်က အပြစ်တရားရောဂါဆိုးကိုတိုက်ဖျက်နှိမ်နင်းလိုက်ခြင်းမှလွဲ၍ အခြားမည်သည့်ရောဂါကိုမျှအပြီးအပိုင်တိုက်ဖျက်နိုင်ခြင်းမရှိပါ။ လက်နက်ဖြင့်ထူထောင်ထားသောငြိမ်းချမ်းရေးသည် တကယ့်ငြိမ်းချမ်းရေးမဟုတ်ကြောင်းကို စစ်တလင်းပြင်ထောင်ပေါင်းများစွာက ဝမ်းနည်းစွာဖြင့်အော်ဟစ်နေကြသည်မှာ––လူဆိုးတို့အတွက်ငြိမ်သက်ခြင်းမရှိဟု ငါ၏ဘုရားသခင်မိန့်တော်မူ၏ (ဟေရှာယ ၅၇း၂၁)–– ဟူ၍ ပဲ့တင်ထပ်စေလျက်ရှိ၏။ ငြိမ်သက်ခြင်းသည်လက်ဝါးကပ်တိုင်ခြေတော်ရင်း၌သာရှိနိုင်ပါသည်။ နိုင်ငံတော်တည်ထောင်နိုင်ဖို့အတွက်ဆို ပြီးလူတို့စိတ်ရောက်ိုယ်ပါကြိုးစားနေမှုများ မည်မျှလောက်အချည်းနှီးဖြစ်နေပါသနည်း။

သို့ဖြစ်လျှင်နိုင်ငံတော်ကို မည်သည့်အရာကယူဆောင်လာလိမ့်မည်နည်း? အတုမရှိတန်ခိုးတော်ဖြစ်သော –တိတ်ဆိတ်၊သေးငယ်၊မထင်မရှား၊အထင်အမြင်သေးဘွယ်– ဖြစ်နေသော သခင်ယေရှုခရစ်တော်၏ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏တန်ခိုးတော်ကသာယူဆောင်လာမည်ဖြစ်၏။ ဟောရပ်တောင်ပေါ်မှာ ပရောဖက်ကြီးဧလိယကိုသူ့ဝတ်ရုံဖြင့်သူ့ခေါင်းကိုဖုံးအုပ်သည်အထိ ထိတ်လန့်စေသောအရာမှာ သေးငယ်သောအသံကလေးမျှသာဖြစ်၏။ ဧလိယသည် ကာမဲလ်တောင်ပေါ်မှာ တန်ခိုးစွမ်းအင်ကြီးမားလှသော ဘုရားသခင်၏အလုပ်လုပ်ပုံကို တွေ့မြင်ခဲ့ရပြီးဖြစ်၏။ ဤသို့ ပူဇော်သက္ကာများကို ကောင်းကင်ဘုံမှမီးလျှံဖြင့်ပြာကျအောင်လောင်ကျွမ်းပစ်လိုက်ခြင်းတည်းဟူသော တန်ခိုးစွမ်းအားမျိုးသည် အစ္စရေးလူမျိုးတို့ကို နောင်တနှလုံးသားသို့ကျိန်းသေပေါက်ခေါ်ဆောင်လာနိုင်လိမ့်မည်ဟု ဧ လိယတွေးထင်ခဲ့၏။

ထိုသို့ဖြစ်မည့်အစား ယေဇဗေလမိဘုရားက သူ့အသက်ကိုနုတ်ယူရန်ကြံစည်လာခြင်းမှတပါး အရာရာတို့နဂိုအတိုင်းပြန်ဖြစ်သွားခဲ့၏။ ထို့နောက်မှာတော့ သူ့အလုပ်မှနုတ်ထွက်လိုက်ပြီးထင်းရှူးပင်အောက်မှာအကြီးအကျယ်စိတ်ဓါတ်ကျနေသောဧလိယကြီးကို ကျွန်တော်တို့တွေ့ကြရ၏။ ထို့နောက် ပညတ်တော်ပေးအပ်ရာတောင်ကုန်းဖြစ်သော ဟောရပ်တောင်ပေါ်သို့ ဧလိယတက်သွားခဲ့၏။ အစ္စရေးအမျိုးတို့ ဆိုင်းနိုင်းဒေသမှကာနန်ပြည်သို့ အနှစ်(၄၀)ကြာခရီးသွားခဲ့ရသည်ကို ပြန်လည်သတိရစေခြင်းအဖြစ် ရက်ပေါင်း(၄၀)လုံးလုံးနေထိုင်ခဲ့ရ၏။ ထိုခရီးစဉ်အတွင်းမှာ ဘုရားသခင်က သူ၏ပဋိညာဉ်တရားအပေါ်သစ္စာစောင့်သိခြင်းအကြောင်းကို ဧလိယအားပြန်လည်သတိရစေခဲ့၏။

ဧလိယသည် ဘုရားသခင်၏အလုပ်လုပ်ပုံကိုသင်ယူခဲ့ရသည်။ ဘုရားသခင်အား –ကမ္ဘာမြေကြီးကို ဆုတ်ဖြဲပစ်သောမြေလျှင်ထဲတွင်လဲမတွေ့နိုင်၊ လေမုန်တိုင်းထဲတွင်လဲမရှိ၊ မီးလျှံထဲတွင်လဲမရှိ၊ ကာမဲလ်တောင်ပေါ်မှ မီးလျှံထဲတွင်ပင်မတွေ့နိုင်ပါ။ သေးငယ်သောအသံကလေး၊ သတိမထားမိစရာ၊ ရှေ့တော်ပြေးလဲမရှိ၊ လူတို့၏အထင်သေးခြင်းခံရသော – သေးငယ်သည့်အသံကလေးထဲတွင်သာ ဘုရားသခင်၏အလုပ်တော်ကိုတွေ့မြင်ခဲ့ရပါသည်။ သို့သော်ထို လုပ်ဆောင်ခြင်းသည် အလွန်တန်ခိုးကြီးလှပြီး ငြင်းဆန်၍မရသောတန်ခိုးဖြစ်သောကြောင့် ယေဇဗေလမိဘုရားက ဖိနှိပ်ချုပ်ချယ်နေသည့်ကြားမှပင် ဗာလဘုရားကိုဒူးမထောက်သော အစ္စရေးလူမျိုး(၇၀၀၀)ကျန်ရစ်နေခဲ့ပါသေး၏။

ဤအမှုအရာကိုကျွန်တော်တို့ယုံကြည်ကြရမည်။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့် အတွင်းမှနေ၍အလုပ်လုပ်နေပါ၏။ တိတ်ဆိတ်စွာ၊မမြင်နိုင်စွာ သို့သော်လဲတန်ခိုးကြီးစွာ၊ထိရောက်စွာ လူ့တကိုယ်လုံးထဲမှာအလုပ်လုပ်နေပါ၏။ အသင်းတော်တခုလုံးထဲမှာအလုပ်လုပ်နေပါ၏။ နေရာအနှံ့ပျံ့နှံ့သွားရုံသာမကဘဲ သန့်ရှင်းစင်ကြယ်စေလျက်၊ အသစ်ပြုပြင်ပေးလျက်ရှိနေပါသည်။ လျို့ဝှက်နက်နဲသော၊ အခြားကမ္ဘာမှဖြစ်သော၊ တန်ခိုးကြီးသော– စသည့်ဂုဏ်ပုဒ်များသည် ဝိညာဉ်ရေးရာတဆေး၏ လုပ်ဆောင်ချက်များပင်ဖြစ်၏။ ၎င်းတို့ကို တစုံတယောက်ကမြင်တွေ့နိုင်ပါသလား? လုံးဝမမြင်တွေ့နိုင်ပါ။ သို့သော်စိတ်ချယုံကြည်ပါ၊ စောင့်မျှော်ပါ၊ ဝိညာဉ်တော်ကအသေအချာလုပ်ဆောင်ပါလိမ့်မည်။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် ဘုရားသခင်၏နိုင်ငံတော်၏တန်ခိုးတော်ဖြစ်လျှင်ဖြစ် မဖြစ်လျှင်တော့နိုင်ငံတော်ကိုလက်တွေ့အကောင်အထည်ပေါ်လာစေနိုင်သူရှိတော့မည်မဟုတ်ပါ။

အံ့ဩဘွယ်ရာနိဂုံး

အသင်းတော်သည် မကြာခဏပင်ယုံကြည်ခြင်းအားနည်းနေတတ်သည်။ စောင့်ဆိုင်းဖို့ရန်စိတ်မရှည်နိုင်ဘဲရှိသည်။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းသည် လူသားတို့၏စွမ်းအားကြီးမားလှသောလုပ်ဆောင်ချက်များနှင့်နှိုင်းယှဉ်ကြည့်လျှင် အလွန်အားနည်း၊မထင်မရှားဖြစ်နေသယောင် ထင်ရ၏။ အသင်းတော်သည် သူမ၏မယုံကြည်နိုင်ခြင်းကြောင့် မောပန်းနွမ်းနယ်လာရာမှ လယ်မြေပေါ်သို့နုတ်ကပတ်တော်မျိုးစေ့ကလေးကြဲချဖို့ စိတ်မပါ

တော့ဘဲ ကမ္ဘာကြီး၏စွမ်းအားရှိသောကြိုးစားအားထုတ်မှုများထဲ ပူးပေါင်းလုပ်ဆောင်ဖို့သာ ဦးစားပေးလာတော့၏။ ကျွန်တော်တို့၏အဆုံးသတ်ပန်းတိုင်သို့ရောက်ဖို့ လူ့စွမ်းအင်နှင့်တန်ခိုးကိုသုံးမိဖို့ အဘယ်မျှလွယ်ကူပါသနည်း။

တဆေးပုံဥပမာ၏သရုပ်ဖော်ချက်ကို ပြန်ကြည့်ကြမည်ဆိုလျှင် မုန့်တပုံလုံးကိုပျံ့နှံ့သွားဖို့အတွက် အချိန်ယူရသည်ကိုတွေ့ရသည်။ အသင်းတော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်တဆေး၏လုပ်ဆောင်နေခြင်းကို စောင့်ဖို့ရာစိတ်မရှည်နိုင်ဘဲဖြစ်နေသည်။ မကြာခဏဆိုသလိုပင် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဘာမျှပြီးမြောက်အောင်လုပ်ဆောင်နိုင်စွမ်း မရှိသယောင်ထင်မှတ်ရတတ်သည်။ အမိုက်မှောင်တန်ခိုးအာဏာစက်များ တိုးပွားလာလျက်ရှိပြီး၊ အချိန်ကြာလာသည်နှင့်အမျှ အကုသိုလ်လုပ်ခြင်းက ထုံးစံလိုဖြစ်လာသည်၊ ပို၍ပို၍ဆိုးရွားလာနေသည်။ ဤကိစ္စသည် ကမ္ဘာကြီးတခုလုံးအတွက်သာမကဘဲ ဘုရားသခင်၏လူများအကြားမှာပါမှန်ကန်နေ၏။ မကြာခဏပင် ကျွန်တော်တို့၏အပေါင်းအဖေါ်သန့်ရှင်းသူများနှင့် ကျွန်တော်တို့ကိုယ်တိုင်အတွင်းတွင်လုပ်ဆောင်နေသော ဘုရားသခင်၏သန့်ရှင်းစေခြင်းအမှုတော်သည် တိုးတက်မှုနှေးကွေးသဖြင့်စိတ်ပျက်အားလျော့တတ်ကြသည်။ ဤအချိန်မျိုးတွင် –ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံမှားသံသယဖြစ်လာစေပြီးနောက် နှုတ်ကပတ်တော်ကသူ့ကတိအတိုင်း လုပ်ဆောင်နိုင်ပါ့မလားဟူ၍ သံသယဖြစ်လာစေ၏။ ထိုအခါ –သေးငယ်သောမုန့်ညင်းစေ့ကလေး၊ သို့မဟုတ်နှေးကွေး၍မမြင်တွေ့နိုင်သောတဆေးတို့၏လုပ်ဆောင်ခြင်းထက် ပို၍အစွမ်းထက်သောအရာတခုခုနှင့် အစားထိုးလုပ်ဆောင်စေခြင်းက ပို၍မကောင်းဘူးလားဟူ၍တွေးထင်မိလာစေနိုင်၏။

သို့သော် ဘုန်းတော်ထင်ရှားစေသောကိစ္စများဖြစ်ပေါ်နေပါ၏။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း ဟောပြောခြင်းအားဖြင့် တန်ခိုးနိမိတ်လက္ခဏာထင်ရှားခြင်းများပေါ်ပေါက်လျက်ရှိနေ၏။ ကျမ်းစာအနက်ဖွင့်သူအများကြီးသည် သခင်ယေရှုက သူ၏ပုံဥပမာထဲတွင် ဝက်သစ်ချပင်၊ ထင်းရှူးပင်စသည့် အကြီးစားအပင်ကြီးများကို အဘယ့်ကြောင့် ထဲ့မသုံးရသနည်းဆိုသည်ကို စဉ်းစားမရနိုင်အောင်ဖြစ်တတ်ကြသည်။ အဆုံးမတော့လဲ မုန်ညင်းပင်သည်အတော်လေးကြီးထွားလာနိုင်သော်လည်း ခြုံပင်တခုသာဖြစ်နေသေးသည်မဟုတ်ပါလား။ သခင်ယေရှုက ကောင်းကင်နိုင်ငံတော်ကို ကြံ့ခိုင်သန်မာသော ဝက်သစ်ချပင်ကြီး၊ ကျက်သရေတင့်တယ်သောသစ်ပင်ကြီး၊ မိုးထိအောင်မြင့်မားသောဆီဒါထင်းရှူးပင် –စသည်တို့နှင့် အဘယ့်ကြောင့်ခိုင်းနှိုင်းဖေါ်ပြခြင်းမပြုခဲ့ရပါသနည်း?

ဤသို့သောမှန်းဆချက်များသည် တကယ်တမ်းကျတော့ကောင်းကင်နိုင်ငံတော်ကို ကျွန်တော်တို့စိတ်ကူးထဲမှ ဖြစ်စေချင်သလိုပုံဖေါ်ဖို့ကြိုးစားချက်များသာဖြစ်၏။ ကောင်းကင်နိုင်ငံတော်သည် ဤကမ္ဘာကြီးပေါ်မှာအပြည့်အဝကြီးထွားနိုင်ခဲ့လျှင်သော်မှ ခြုံပုတ်ပင်တခုအဆင့်သာဖြစ်ပါလိမ့်မည်။ ဘုရားသခင်၏နိုင်ငံတော်သည် အရင့်ကျက်ဆုံးအဆင့် သို့ရောက်ချိန်မှာပင် ဤကမ္ဘာကြီး၏စံနှုန်းများဖြင့်တိုင်းတာပါက သေးငယ်၍မထင်မရှားဖြစ်နေဆဲရှိပါလိမ့်မည်။ ကမ္ဘာလုံးဆိုင်ရာနိုင်ငံတော်ကြီးအဆင့်သို့ ဘယ်တော့မျှရောက်လိမ့်မည်မဟုတ်ပါ။ လူတို့၏အမြင်မှာ ခြုံပုတ်ပင်အဖြစ်သာ ဆက်ရှိနေပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေကြီးမြတ်သောနိုင်ငံတော်ကြီးတခုတည်ထောင်ပြီးပါပြီ။ဤကမ္ဘာ၏ရာဇဝင်တလျှောက်မှာ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းအားဖြင့် နိုင်ငံတော်ကြီးကိုတည်ထောင်နေလျက်ရှိပါ၏။ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ မေတ္တာတရား၊ သန့်စင်ခြင်း၊ ဤသနားဖွယ်ရာကမ္ဘာကြီးကို ဒဏ်ရာရစေလျက်ရှိသော အကုသိုလ်တရားနှင့် ပြဿနာအားလုံးကိုဖြေရှင်းပေးနိုင်စွမ်း –စသည်တို့ပါဝင်နေသော တခုတည်းသောနိုင်ငံတော်ဖြစ်၏။ လူသားတို့ အိပ်မက်မျှပင်မမက်ဖူးလောက်အောင် ကောင်းချီးမင်္ဂလာနှင့်ပြည့်ဝနေသော နိုင်ငံတော်ဖြစ်၏။ လူသားတို့မျှော်မှန်းတမ်းတချက်များ ဘယ်တော့မျှရရှိနိုင်မည်မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် သူတို့သည်ဘုရားသခင်ကိုပစ်ပယ်၍ ထိုအရာများကိုတမ်းတနေကြခြင်းကြောင့်ဖြစ်၏။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းက နိုင်ငံတော်ကိုတည်ထောင်ရင်းနှင့် ဤအရာအားလုံးကိုယူဆောင်လာရုံမျှမကဘဲ ပို၍များပြားသော –အပြစ်များမှခွင့်လွှတ်ခြင်း၊ ဘုရားသခင်နှင့်စစ်မှန်စွာငြိမ်းချမ်းရေးရခြင်း၊ ကာလ်ဗရီတောင်၏ လက်ဝါးကပ်တိုင်ပေါ်မှဖြောင့်မတ်ခြင်း၊ အမြင့်ဆုံးသောဘုရားသခင်နှင့်မိဿဟာယပြုခွင့်ရခြင်းကောင်းချီးမင်္ဂလာ –စသည်တို့ကိုယူဆောင်လာပေးပါသည်။ လူသားတို့အမြင်မှာ ထိုကောင်းချီးမင်္ဂလာများသေးငယ်လှသည်ဟု ထင်ကောင်းထင်နေနိုင်သည်။ သို့ပေမယ့် ထိုနိုင်ငံတော်သားတယောက်ကိုရှာပြီး သူ့ထံမှာကောင်းချီးမင်္ဂလာနှင့်ကြွယ်ဝခြင်းရှိမရှိ မေးကြည့်ရန်သာလိုသည်။ ထိုအခါတွင်သူက သူယခုပါဝင်နေသောနိုင်ငံတော်သည် တုနှိုင်းစရာမရှိလောက်အောင်ကြီးမြတ်လှပါသည်ဟု သင့်ကိုအာမခံပေးပါလိမ့်မည်။

တဆေးသည်လဲထို့အတူပင်ဖြစ်သည်။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောပြီးနောက် အလုပ်လုပ်လာဖို့ အချိန်ပေးရသည်။ သူ၏တန်ခိုးကို ကျွန်တော်တို့စိတ်ချယုံကြည်လျက် သည်းခံစောင့်ဆိုင်းရမည်။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏ တဆေးစွမ်းရည်သတ္တိသည် ဤကမ္ဘာပေါ်မှာတွေ့ရသမျှအရာအားလုံးထက် မနှိုင်းယှဉ်သာအောင်ပို၍ကြီးမြတ်သည်။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည်

ဘုရားသခင်ရွေးကောက်ခံရသူသားသမီးတို့ ၏ဘဝအစိတ်အပိုင်းအားလုံးသို့ ထိုးဖေါက်စိမ့်ဝင်သွားသည်။ တဆေးကဲ့သို့စိမ့်ဝင်ခြင်းသည် ဤဘဝတခုထဲနှင့်အ ပြီးမသတ်နိုင်တာမှန်ပါသည်။ ဘုရားသခင်၏ သားသမီးဖြစ်သူသည် ဤဇာတိအသေကောင်ကြီးကို သယ်ဆောင်နေရ သ၍ အချိန်အတွင်းမှာ ဇာတိသဘော၏ ပျော့ညံ့ချက်များနှင့် အမြဲဆိုင်ပြိုင်တိုက်လှန်နေကြရသည်။ မည်သို့ပင်ဖြစ် စေ တချိန်တုန်းကသူ့အခြေအနေကိုပြန်စဉ်းစားကြည့်လိုက်ပါ။ သူသည်နံစော်နေသောအနာစိမ်းများနှင့် ညစ်ညူးနေ သော စက်ဆုပ်ရွံရှာဖွယ်အပြစ်သား၊ ဆွေးရိနေသောအဝတ်စုတ်ကိုဝတ်၊ သူ၏သွေးအိုင်ထဲလဲကျနေ၊ အပြစ်တရားနှင့် ပြည့်၊ ကိုယ်တိုင်အပြစ်ကျူးလွန်မှုများနှင့်လေးလံနေ– သောသူဖြစ်ခဲ့သည်။ သို့သော် ဝမ်းမြောက်ဘွယ်ရာသတင်း ကောင်း၏ –တိတ်ဆိတ်စွာ၊ မမြင်တွေ့နိုင်စွာ၊ လျို့ဝှက်နက်နဲစွာ၊ –လုပ်ဆောင်ခြင်းက သူ၏အတွင်းထဲမှနေ၍အသက် တာတခုလုံး ကိုထိုးဖေါက်ပျံ့နှံ့သွားတော့၏။ ဤတန်ခိုးက သန့်ရှင်းစေခြင်းနှင့် ပြန်လည်ရှင်သန်စေခြင်းတို့ကို ပြုလုပ် ပေးပါ၏။ နှလုံးသားထဲမှ အစပြုလုပ်ဆောင်၍ ဝိညာဉ်တခုလုံးကိုဖုံးလွှမ်းပစ်လိုက်ပါ၏။ ဤတန်ခိုးက စိတ်နှလုံးကို အလင်းပွင့် သွားစေပြီး စိတ်ဆန္ဒများကိုလဲအသစ်ပြန်လုပ်ပေးပါ၏။ ဤတန်ခိုးက အပြစ်သားကိုသူတော်စင်အဖြစ်သို့၊ အပြစ်ဒုစရိုက်ဖုံးအုပ်နေသော ဘုရားသခင်၏အမြက်တော်ခံနေရသူဘဝမှ ဘုရားသခင်၏အလင်းတော်ထဲတွင် လျှောက်လှမ်းသော ချစ်စရာလှပတင့်တယ်သောတပည့်တော်အဖြစ်သို့ပြောင်းလဲပေးလိုက်၏။ ဝမ်းမြောက်ဘွယ်ရာသ တင်းကောင်းက ဟောင်းသောအရာမှန်သမျှကို အဝေးသို့ဖယ်ရှားပစ်လိုက်ပြီး၊ ခရစ်တော်၏ပုံသဏ္ဍာန်အတိုင်းဖြစ် သော သတ္တဝါသစ်ဖြစ်သွားစေ၏။ ဤတန်ခိုးတော်က ခရစ်တော်၏အသင်းတော်တခုလုံးကို သန့်ရှင်းစေလိုက်၏။ ထိုသို့ဖြင့်အသင်းတော်သည် သူ၏ဘုရားသခင်အားဂုဏ်တော်ချီးမွမ်းခြင်းများကို ထုတ်ဖေါ်ပြသနိုင်ခွင့်ရရှိသွားစေပါ သည်။

ဤအကြောင်းများကြောင့် နှုတ်ကပတ်တော်အပေါ် ကျွန်တော်တို့အမြဲတမ်းယုံကြည်စိတ်ချထားကြရမည်။ အသင်းတော်အတွင်းမှာ ဘုရားသခင်၏နှုတ်ကပတ်တော်မျိုးစေ့ကို ဆက်၍ကြဲဖြန့်နေရမည်။ တဆေးကိုဆက်၍နယ် ဖတ်ပေးနေရမည်။ ရရှိလာသောအသီးအပွင့်များသည် ကမ္ဘာကြီး၏မဟာစွမ်းအင်နှင့်နှိုင်းယှဉ်သောအခါတွင် မထင်မ ရှား၊ သေးငယ်စွာအစပျိုး၊ နှုတ်ကပတ်တော်၏လုပ်ဆောင်ချက်မတွေ့မြင်နိုင်၊ –ဖြစ်နေပါက ကျွန်တော်တို့သည် ထိုမျိုး စေ့အစားအခြားအရာတခုခုနှင့်အစားထိုးလုပ်ဆောင်ရန်ဖြားယောင်းသွေးဆောင်မှုကိုလုံးဝလက်မခံဘဲ ဝမ်းမြောက် ဘွယ်ရာသတင်းကောင်း၏ ကြီးမားသောတန်ခိုးတော်ကိုသာ ကိုးစားယုံကြည်ကြရမည်ဖြစ်၏။ ဤမျှနှင့်မကုန်သေး ပါ။ ဤလောကတွင် မုန်ညင်းစေ့မှနေ၍မုန်ညင်းပင်အဆင့်အထိသာရောက်နိုင်မည်ဖြစ်သော်လဲ သခင်ယေရှုခရစ် တော်၏ဘုန်းကြီးသောနိုင်ငံတော်အတွင်းမှာ ဘုန်းတန်ခိုးကြီးသောသစ်ပင်ကြီးအဖြစ်သို့ ရောက်သွားလိမ့်မည်ဖြစ်၏။ ဘုရားသခင်၏နိုင်ငံတော်သည် ဘုန်းထင်ရှားမည့်ကောင်းကင်ဘုံသို့ ထာဝရခေါ်ဆောင် သွားခြင်းခံရသည့် အချိန်မှာ တော့ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် နိဂုံးချုပ်အောင်ပွဲခံရတော့မည်ဖြစ်၏။ ထိုအခါမှာ နိုင်ငံတော်သည် စကြာဝဠာလုံးဆိုင်ရာ ဟူသည့်အဓိပ္ပါယ်အတိုင်း အတိအကျဖြစ်သွားလိမ့်မည်ဖြစ်၏။ ကောင်းကင်သစ်နှင့်မြေကြီး သစ်ကိုရရှိလာမည်ဖြစ်၏။ ဤကမ္ဘာပေါ်ရှိဆိုးသွမ်းသောနိုင်ငံရှိရှိသမျှသည် ချီးမြောက်ခြင်းခံပြီးသူ သခင်ခရစ်တော် ၏တန်ခိုးတော်အားဖြင့် ရှင်းရှင်းဖျက်ဆီးပစ်ခြင်းခံရမည်ဖြစ်ပြီး၊ ခရစ်တော်၏နိုင်ငံတော်သည် ထာဝရကာလပတ်လုံး တည်ထောင်ခြင်းရှိလိမ့်မည်ဖြစ်၏။ စုံလင်ခြင်းသို့ရောက်ပြီးကြသောဘုရားသခင်၏ သူတော်စင်များသည်ခရစ်တော်၏ ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းခြင်းဝတ်လုံများကိုဝတ်ဆင်ကြပြီး ဘုရားသခင်၏ ထာဝရနိုင်ငံတော်ထဲသို့ဝင်စားကြလိမ့် မည်ဖြစ်၏။ ထိုနေရာမှာ ကျွန်တော်တို့အားလုံးမဲ့တပေါက်မစွန်း၊ အရေးအကြောင်းတခုမျှမရှိဘဲ ထာဝရရွေးကောက် ခံရသူ အသိုင်းအဝိုင်းထဲမှာပါဝင်ဖို့စုဆောင်းခြင်းခံကြရမည်ဖြစ်၏။ ဤအရာအားလုံးသည် နိုင်ငံတော်၏နှုတ်ကပတ် တော်အားဖြင့်ဖြစ်ပေါ်လာကြလိမ့်မည်ဖြစ်၏။

မုန်ညင်းပင်၏အကိုင်းအခက်များပေါ်တွင် ငှက်များနားခိုကြသကဲ့သို့၊ မုန့်စိမ်းတပုံလုံးသို့တဆေးကစိမ့်ဝင်ပျံ့ နှံ့သွားသကဲ့သို့၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည်လဲ စကြာဝဠာလုံးဆိုင်ရာတန်ခိုးတော်ဖြစ်လာလိမ့်မည်ဖြစ်၏။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် မျက်မှောက်မြေကြီးပေါ်ရှိဖန်ဆင်းခံသတ္တဝါများ၊ ဖန်ဆင်းခံအရာများ ကို ထိုနိုင်ငံတော်ထဲသို့ အဝင်ခံလိမ့်မည်မဟုတ်ပါ။ ဤကိစ္စဘယ်တော့မျှမဖြစ်နိုင်ပါ။ အပြစ်တရားသည် မြေကြီးပေါ် မှာပေါက်ကွဲခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏အစီအစဉ်နှင့်ရည်ရွယ်ချက်တို့သည် လောကီသားတို့၏ဇာတိသဘော၊ ကျဉ်းမြောင်းသောအိပ်မက်များထက် အလွန့်အလွန်ကြီးမြတ်လှပါ၏။ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးပေါ် ရှိသူ၏ဖန်ဆင်းခြင်းတခုလုံးကိုရွေးနှုတ်ကယ်ဆယ်လိုက်ပါပြီ။ ထိုကယ်တင်ပြီးသောအရာအားလုံးကို

သခင်ယေရှုခရစ် ၏ဘုန်းကြီးသောနိုင်ငံတော်အတွင်းသို့ပို့ဆောင်လိုက်ပါပြီ။ ဤအမှုတော်၏ စကြာဝဠာလုံးဆိုင်ရာရှုထောင့်နှင့် တန်ခိုး တို့ကိုတွေးဆကြည့်လိုက်ပါ။

ဘုရားသခင်၏နိုင်ငံတော်သည် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏နှုတ်ကပတ်တော်အားဖြင့် အမှန်တကယ်တည်ထောင်ခြင်းရှိလာသောအခါတွင် ယခုမျက်မှောက်ကမ္ဘာတွင် ဆက်လက်လွှမ်းမိုးနေသော သေခြင်းတရားနှင့် အပြစ်တရားတို့ကြောင့် ဖြစ်ပေါ်လာသော ပြဿနာအားလုံး၊ ဒုက္ခဆင်းရဲအားလုံးကို အဆုံးသတ်ပေးမည့်အရာဖြစ်လာမည်ဖြစ်၏။ နိုင်ငံတော်သည် –အလုံးစုံကျန်းမာခြင်း၊ အလုံးစုံလွတ်မြောက်စေခြင်း၊ အလုံးစုံအောင်ပွဲ– ဖြစ်လာမည်ဖြစ်၏။ အပြစ်တရားနှင့်သေခြင်းတရားအားလုံးကို ဖယ်ရှားလိုက်ပြီးဖြစ်၏။ ဒုက္ခဆင်းရဲနှင့်သောကပူဆွေးခြင်းအားလုံးကို အဆုံးသတ်စေလိုက်ပြီဖြစ်၏။ ဝမ်းနည်းခြင်းနှင့်နာကျင်ခြင်းတို့ကို ထာဝရဖျက်ဆီးပစ်လိုက်ပြီဖြစ်၏။ မျက်ရည်ရှိသမျှကို သုတ်ပေးလိုက်ပြီဖြစ်၏။ ရောဂါအားလုံးကိုဖျက်ဆီးပစ်လိုက်ပြီဖြစ်၏။

ထို့မျှမကဘဲ ဘုရားသခင်၏နိုင်ငံတော်အောင်ပွဲခံခြင်းသည် လူသားမျိုးနွယ်တခုလုံးအတွက် ကယ်တင်ခြင်းပင်ဖြစ်၏။ ဤသို့ဆိုလိုက်ခြင်းကြောင့် လူတယောက်စီတိုင်း ကယ်တင်ခြင်းခံစားရမည်ဟု မဆိုလိုကြောင်း သိထားရမည်။ ဤသို့ဘယ်တော့မျှမဖြစ်နိုင်ပါ။ သို့သော်ရွေးကောက်ခြင်းနှင့်ငြင်းပယ်ခြင်းတရားတို့ကြောင့် လူသားမျိုးနွယ်ဆက်တခုလုံး ကယ်တင်ခြင်းခံရမည်ဟူသောအချက်မှ လွဲချော်မသွားစေပါ။ ဘုရားသခင်သည် ဤကမ္ဘာကြီးကိုချစ်သည် မဟုတ်ပါလား (ယော ၃း၁၆)၊ သို့သော် သခင်ခရစ်တော်ကို ယုံကြည်သောသူတို့၏ ကမ္ဘာကြီးကိုသာ ချစ်ခြင်းဖြစ်၏။ အချုပ်အချာအာဏာပိုင်စိုးစွာ ထာဝရအတွက်ရွေးချယ်ထားသောကမ္ဘာဖြစ်၏။ ဘုရားသခင်၏မပြောင်းလဲသောရည်ရွယ်ချက်ပင်ဖြစ်၏။ လယ်သမားကသီးနှံပင်ကိုစိုက်ပျိုးပြီး အချိန်တန်သောအခါ ရိတ်သိမ်း၊ ပေါင်းပင်များနှင့် သီးသန့်ခွဲခြမ်းကာ စပါးကျီထဲသို့ထည့်သွင်းခြင်းဖြင့် ရည်မှန်းချက်ကိုအကောင်အထည်ဖေါ်သကဲ့သို့ပင် ဘုရားသခင်သည်လဲ သူ့စပါးပင်များကို စိုက်ပျိုးထားပြီး အချိန်ကျလာသောအခါ သူ့လူမျိုးတော်ကို ကောင်းကင်နိုင်ငံတော်ဝင်စားစေခြင်းအားဖြင့် သူ၏ရည် ရွယ်ချက်ကိုအထမြောက်စေမည်ဖြစ်၏။

ဤရွေးကောက်ခြင်းခံရသူတို့သည် မည်သူကမျှရေတွက်နိုင်ခြင်းမရှိသော၊ ကောင်းကင်မှကြယ်များနှင့် ပင်လယ်ကမ်းခြေမှသဲပွင့်များထက်ပို၍များပြားသော ရောမလူအစုအဝေးကြီးဖြစ်၏။ သူတို့သည် လူအမျိုးအနွယ်အားလုံး၊ ဘာသာစကားအားလုံးမှ ရွေးကောက်ထားသောမဟာလူစုလူဝေးကြီးဖြစ်၏။ သူတို့သည် သခင်ခရစ်တော်၏အသွေးတော်အားဖြင့်ဆေးကြောထားသော ကြီးကျယ်ခန်းနားသည့်အသင်းတော်ဖြစ်၏။ သူတို့သည်စစ်မှန်သောလူသားမျိုးနွယ်၊ အချုပ်အချာအာဏာပိုင်စွာရွေးကောက်ခြင်းခံရသောလူသားမျိုးနွယ်ဖြစ်၏။

ရှေ့ဆက်ပြောရလျှင် ဖန်ဆင်းထားသောအရာအားလုံး ကယ်တင်ခြင်းခံစားရ၏။ ကယ်တင်ခြင်းခံစားရချိန်တွင် ယခုတွေ့ရသည့်ပုံစံမျိုးမဟုတ်တော့ပါ။ ရှင်ပေတရုက (ပေတရုဩဝါဒစာဒုတိယစောင် အခန်း၃)တွင် ဤအကြောင်းကိုရှင်းပြထား၏။ ဘုရားသခင်သည် သူဖန်ဆင်းထားသောအရာများကိုစွန့်ပစ်မသွားပါ။ ယခုလက်ရှိအချိန်တွင် ပျက်စီးယိုယွင်းခြင်းနှောင်ကြိုးအောက်မှာညည်းတွားနေရသော ဖန်ဆင်းခံအရာများကိုမျက်မှောက်ကျိန်ခြင်း အမင်္ဂလာထဲမှကယ်ဆယ်၍ ကောင်းကင်အရာအဖြစ်သို့ပြောင်းလဲပေးလိုက်ပါပြီ (ယခုအချိန်မှာတော့ စိတ်ကူးပုံစံအဖြစ်သာရှိနေပေမယ့်) သခင်ခရစ်တော်၏ကယ်ဆယ်ခြင်းအားဖြင့် ဘုန်းတန်ခိုးပြည့်စုံသောအဖြစ်သို့ရောက်ရှိစေဦးမည်ဖြစ်၏။

နောက်ဆုံးအနေနှင့် ဤနိုင်ငံတော်သည် ဘုရားသခင်သာလျှင်အစိကဖြစ်သောနိုင်ငံတော်ဖြစ်၏။ သူ၏ဘုန်းတော်ရောင်ခြည်က ခရစ်တော်အားဖြင့်ကယ်ဆယ်ခြင်းခံရသူအားလုံးကို အလင်းရောင်ဖြန့်ကျက်ပေးနေ၏။ ဘုရားသခင်၏ဘုန်းတန်ခိုးသည် သခင်ခရစ်တော်အားဖြင့် အသင်းတော်အတွင်းသို့ထွန်းလင်းနေပါ၏။ အသင်းတော်အားဖြင့် ကောင်းကင်တမန်များ၏အသိုင်းအဝိုင်းထဲသို့ထွန်းလင်းနေပါ၏။ ထို့နောက် ကောင်းကင်တမန်များနှင့်သန့်ရှင်းသူများအားဖြင့် (အသစ်ပြောင်းလဲပေးပြီးသော)ဖန်ဆင်းခြင်းအရာများထဲသို့ထွန်းလင်းနေပါ၏။ ထိုသို့အားဖြင့် သခင်ဘုရား၏ဘုန်းတော်ရောင်ခြည်သည် အရာခပ်သိမ်းအပေါ်သို့လင်းလက်တောက်ပစွာ ပြည့်လျှမ်းနေ၏။ ဤအရာသည် ဘုရားသခင်၏သနားကြင်နာခြင်း၏ဘုန်းတော်ရောင်ခြည်ကြောင့်သာဖြစ်၏။ ဤသို့ဖြစ်သောကြောင့် ကယ်တင်ခြင်းခံရသောနိုင်ငံတော်တခုလုံးသည် ထာဝရကာလပတ်လုံး ဘုရားသခင်အားချီးမွမ်းလျက် အရှိအသေပေးလျက် နေကြရမည်ဖြစ်၏။

ထို့ကြောင့် ကျွန်တော်တို့အားလုံး ဘုရားသခင်၏နှုတ်ကပတ်တော်ကို အားကိုးယုံကြည်ကြရမည်။ နှုတ်ကပတ်တော်သည်သာလျှင် အောင်ပွဲခံရလိမ့်မည်ဖြစ်၏။

(The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

++++++++++++++++++++++++++++++++++++

ဟေဗြဲ ၆း၁–၂၀ (ကျိန်းဘုရင်မှု)

၁–၂ – ထို့ကြောင့် ခရစ်တော်၏ဩဝါဒ၏အခြေခံသဘောတရားများကို ထားခဲ့၍၊ ငါတို့သည် ပြည့်စုံခြင်းသို့ သွားကြပါမည်၊ သေနေသောအကျင့်များမှနောင်တရခြင်း၊ ဘုရားသခင်ကိုယုံကြည်ခြင်း၊ ဗတ္တိဇံဩဝါဒများ၊ လက်တင်ခြင်းများ၊ သေခြင်းမှထမြောက်ခြင်း၊ ထာဝရတရားစီရင်ခြင်း စသောအခြေခံအုတ်မြစ်များကို ထပ်မံချမနေကြတော့ပါ။
၃ – ဘုရားသခင်က ခွင့်ပြုတော်မူလျှင်၊ ၎င်းကို ငါတို့ ပြုလုပ်ကြပါမည်။
၄ – အဘယ်ကြောင့်ဆိုသော် တကြိမ်တခါ အလင်းပေးခြင်းခံရပြီးသူများ၊ ကောင်းကင်ဘုံနှင့်ဆိုင်သောလက်ဆောင်ကို မြည်းစမ်းဘူးသူများ၊ သန့်ရှင်းသောဝိညာဉ်တော်ကို ပါဝင်ဆက်ဆံခွင့်ရဘူးသူများ၊
၅ – ဘုရားသခင်၏ ကောင်းသောနှုတ်ကပတ်တော်ကို မြည်းစမ်းဘူးသူများ၊ နောက်ရောက်လာမည်ကမ္ဘာကြီး၏တန်ခိုးစွမ်းအင်များကို မြည်းစမ်းဘူးသူများ၊
၆ – အကယ်၍၊ ထိုသို့သောသူတို့ လမ်းမှားသို့ကျဆုံးကြသောအခါ၊ နောက်တခါ နောင်တရခြင်းသို့ ပြန်ရောက်ဖို့ မဖြစ်နိုင်တော့ပါ၊ သူတို့သည် ဘုရားသခင်၏သားတော်ကို အသစ်တဖန် လက်ဝါးကပ်တိုင်ပြန်တင်ကြသူများ၊ သူ့ကို လူသိရှင်ကြားအရှက်ရစေကြသူများဖြစ်ကြသည်။
၇ – အဘယ်ကြောင့်ဆိုသော် မိမိအပေါ်သို့ အခါခါကျသောမိုးကို သောက်သုံးသောမြေသည်၊ သူ့အားပြုစုသူတို့အတွက် သစ်ဥသစ်ဖုတို့ကို ထုတ်လုပ်ပေးလျှင်၊ ဘုရားသခင်ထံမှ ကောင်းချီးကို ခံရ၏။
၈ – သို့သော် ဆူးပင်များ၊ ပေါင်းနွယ်ပင်များကို ဖြစ်စေသောမြေဖြစ်ပါက ငြင်းပယ်ခြင်းခံရမည်ဖြစ်သည်၊ ကျိန်ခြင်းခံရရန် နီးပြီဖြစ်သည်၊ ၎င်း၏အဆုံးသတ်နိဂုံးသည် မီးရှို့ခံရခြင်းသာဖြစ်သည်။
၉ – သို့သော်၊ ချစ်ရသောသူတို့၊ ငါတို့သည် ထိုသို့ ပြောသော်လည်း သင်တို့အတွက် ပို၍ကောင်းသောအရာများ၊ ကယ်တင်ခြင်းနှင့်တွဲ၍ပါလာသောအရာများ ရှိနေသေးသည်ဟု သဘောပေါက်ကြပါသည်။
၁၀ – အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏နာမတော်ထံသို့နှင့် သန့်ရှင်းသူတို့ထံသို့ ပြုခဲ့သော၊ ယနေ့တိုင်အောင်ဆက်၍လုပ်နေသော၊ သင်တို့၏ လုပ်ကျွေးခြင်းများ၊ ချစ်ခြင်းဖြင့်အားထုတ်မှုများကို မေ့နေလောက်အောင် မတရားသောသူမဟုတ်ပါ။
၁၁– သင်တို့ရှိသမျှသည် မျှော်လင့်ခြင်း၏ပြည့်စုံသောသေချာစိတ်ချရမှုသို့ အဆုံးတိုင်အောင် တူညီသောလုံ့လဝီရိယကိုပြကြဖို့ ငါတို့ လိုချင်ကြပါသည်။
၁၂ – သင်တို့သည် မပျင်းကြဘဲ၊ ယုံကြည်ခြင်းနှင့်သည်းခံခြင်းဖြင့် ကတိတော်များကို အမွေခံကြရသူများ၏နောက်လိုက်များ ဖြစ်ကြရမည်။
၁၃ – အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က အာဗြဟံကို ကတိပေးသည့်အခါ၊ မိမိထက်ကြီးသောသူနှင့်ကျိန်ဆို၍ မဖြစ်သောကြောင့်၊ မိမိကိုယ်မိမိအားဖြင့် ကျိန်ဆို တော်မူပါသည်။
၁၄ – အသေအချာပင် ငါသည် သင့်ကို ကောင်းချီးပေးလျှက် ကောင်းချီးပေးမည်၊ တိုးပွားစေလျှက်နှင့် တိုးပွားစေမည်ဟု ပြောပါသည်။
၁၅ – ထိုသို့ဖြင့် သူသည် စိတ်ရှည်စွာ ကြာမြင့်စွာသည်းခံပြီးမှ ကတိတော်ကို ပိုင်ဆိုင်ခဲ့ပါသည်။
၁၆ – လူတို့သည် မိမိတို့ထက်ကြီးမြင့်သူအားဖြင့် ကျိန်ဆိုကြသည်၊ အတည်ပြုစေသောကျိန်ဆိုခြင်းက အငြင်းပွားမှုအားလုံးကို အဆုံးသတ်စေသည်။
၁၇ – ထို့ကြောင့် ဘုရားသခင်သည် မိမိ၏အကြံအစည်တော် မပြောင်းလဲနိုင်ကြောင်းကို ကတိတော်အားခံယူရမည့်သူများထံ အသေအချာပြသဖို့ အလွန်လိုချင်ဆန္ဒရှိတော်မူသဖြင့်၊ ကတိတော်ကို ကျိန်ဆိုခြင်းဖြင့် သေချာစေပါသည်။
၁၈ – ဘုရားသခင်သည် လိမ်ပြောရန် မဖြစ်နိုင်သူဖြစ်၍၊ မပြောင်းလဲနိုင်သောအရာနှစ်ခုဖြင့် ထိုသို့ပြုတော်မူသည်၊ ထိုသို့ဖြင့် မိမိတို့ရှေ့၌ထားရှိသော မျှော်လင့်ခြင်းကိုကိုင်စွဲလျှက် ခိုလှုံဖို့ရန် ပြေးကြသော ငါတို့သည် ခိုင်မာသောအားပေးနှစ်သိမ့်ခြင်းကို ရနိုင်ကြမည်ဖြစ်သည်။
၁၉ – ငါတို့၏ဝိညာဉ်ထဲတွင် ကျောက်ဆူးချသကဲ့သို့ ခိုင်မာစွာ၊ သေချာစွာ ရှိနေသော ထိုမျှော်လင့်ခြင်းဆိုသည်မှာ၊ ကုလားကာအတွင်းသို့ ဝင်ရောက်သူဆိုသည်မှာ၊ သခင်ယေရှုပင်ဖြစ်သည်၊
၂၀ – သူ့ကို မေလခိဇေဒက်ကဲ့သို့ ထာဝရယဇ်ပုရောဟိတ်မင်း ဖြစ်စေလျှက် ငါတို့ရှေ့ပြေးအဖြစ် အတွင်းသို့ ဝင်တော်မူပါသည်။